**Press Release**

# China Eastern Airlines မှ ဟူးဟာန် (Hohhot) - ကူမင်း - ရန်ကုန် ခရီးစဉ် စတင်ပြေးဆွဲပျံသန်း

**ရန်ကုန် - ဧပြီလ ၂ ရက်၊ ၂၀၁၉ ခုနှစ် -** China Eastern Airlines မှ ၎င်း၏ ဟူးဟာန် (Hohhot) - ကူမင်း - ရန်ကုန် ခရီးစဉ်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ("**YIA**") ၊ Terminal 1 တွင် ဧပြီလ ၂ ရက်မှ စတင်၍ တစ်ပတ်လျှင် သုံးကြိမ်ပြေး ဆွဲပျံသန်းသွားမည်ဖြစ်ပါသည်။

China Eastern Airlines ၏ ဟူးဟာန် (Hohhot) - ကူမင်း - ရန်ကုန် ခရီးစဉ်သစ်အတွက် ခရီးသည် ၁၈၄ ဦး လိုက်ပါစီးနင်းနိုင်သည့် Boeing 737-800 အမျိုးအစားလေယာဉ်အသုံးပြုပြေးဆွဲသွားမည်ဖြစ်ပြီး ဧပြီလ ၂ ရက်မှ စတင်၍ အပတ်စဉ် အင်္ဂါ၊ ကြာသပတေး၊ စနေနေ့များတွင် ပြေးဆွဲပျံသန်းပေးသွားမည်ဖြစ်ပါသည်။ ယခု ဟူးဟာန် (Hohhot) - ကူမင်း - ရန်ကုန် ခရီးစဉ်သည် China Eastern Airlines မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပျံသန်းပြေးဆွဲသည့် သုံးခုမြောက် အပြည်ပြည်ဆိုင်ရာခရီးစဉ်ဖြစ်ပါသည်။




*China Eastern Airlines မှ ဟူးဟာန် (Hohhot) - ကူမင်း - ရန်ကုန် ခရီးစဉ်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 1 တွင် ဧပြီလ ၂ ရက်က စတင်ပြေးဆွဲပျံသန်းခဲ့ပါသည်။*

**Flight Schedule**

| Tuesday/ Thursday/ Saturday | | | |
|---|---|---|---|
| **Flight No.** | **Route** | **Arrival** | **Departure** |
| **MU 9749/9750** | HET – KMG – RGN – KMG - HET | 15:10 | 16:10 |

– END –

## Yangon Aerodrome Company Limited (YACL)

***Setting the standard for high performance***

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် နိုင်ငံတကာအဆင့်မီလေဆိပ်ဝန်ဆောင်မှုများအား စတင်ဝန်ဆောင်မှုပေးခဲ့သော Yangon Aerodrome Company Limited (YACL) သည် မြန်မာနိုင်ငံ၏ အဓိကဂေါင်ပေါက်၊ ထွက်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) အား စီမံခန့်ခွဲဝန်ဆောင်မှုပေးလျက် ရှိပါသည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံးလေဆိပ် ဝန်ဆောင်မှုလုပ်ငန်းများကို စီမံခန့်ခွဲလျက်ရှိသော YACL အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား အရည်အသွေးမြင့် လေကြောင်းဝန်ဆောင်မှုများ စဉ်ဆက်မပြတ်ပေးစွမ်းနိုင်ရေးအတွက် အခြေခံအဆောက်အအုံ၊ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများကို နေ့စဉ်နဲ့အမျှ အကောင်းမွန်ဆုံးဖြစ်အောင် ဆောင်ရွက်လျက် ရှိပါသည်။

အိန္ဒိယ နှင့် တရုတ်နိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာတည်ရှိလျက်ရှိသော မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေ၏ သုံးပုံ နှစ်ပုံနေထိုင်ရာ နိုင်ငံများသို့ ခြောက်နာရီကြာပျံသန်းချိန်အကွာအဝေးအတွင်း၌သာ တည်ရှိနေပါသည်။ မြန်မာနိုင်ငံသည် ခရီးသွားလာရာ နေရာတစ်ခုအဖြစ် ရေပန်းစားလူကြိုက်များလာသည်နှင့်အညီ YACL အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ခရီးသည်များနှင့် လေကြောင်းလိုင်းများအတွက် အရည်အသွေးမြင့်ခရီးသွားဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်ပေးစွမ်းနိုင်ရန် အဆင့်မြှင့်တင်လျက်ရှိပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အရောင်းဆိုင် ၄၇ ဆိုင် ရှိပြီး အစားအသောက်အရောင်းဆိုင် ၂၃ ဆိုင် ရှိပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၃၂ လိုင်း နှင့် အပြည်ပြည်ဆိုင်ရာခရီးစဉ် ၃၂ ခုအား ဝန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် ၂၀၁၈ ခုနှစ် အတွင်း ခရီးသည်ပေါင်း ၆.၁၃၅ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။